# ဒရယ်ကွင်းကျေးရွာ

# လောင်းလုံးမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၂ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဒရယ်ကွင်းကျေးရွာ၊ လောင်းလုံးမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ ခုနှစ်၊ ဩဂုတ်လ

သည့် မိုးရာသီတွင် လယ်များလုပ်ကိုင်ကြပြီး နွေရာသီတွင် ကျဘန်းနေစားများ၊ ပန်းရံ၊လက်သမား လုပ်ငန်းများကို ဦးစားပေးလုပ်ကိုင်ကြပါသည်။ လက်သမား၊ ပန်းရံ လုပ်အားခများမှာ အများဆုံး (၁၃၀၀၀)ကျပ်မှ အနည်းဆုံး (၁၀၀၀၀) ကျပ်ရရှိပြီး နေ့စားကျဘန်းလုပ်သားများမှာမူ လုပ်အားခ အနည်းဆုံး(၅၀၀၀)ကျပ်မှ အများဆုံး(၈၀၀၀)ကျပ်အထိရရှိသဖြင့် စားဝတ်နေရေးအတွက်အသင့် အတင့်ပြေလည်မှုများရှိပါသည်။ဒရယ်ကွင်းကွင်းကျေးရွာ၏အဓိကစီးပွားရေးလုပ်ငန်းမှာအိမ်ထောင် စုအများ စုမှာနှီးပင်အားသင်၍ဖျာယက်ခြင်းလုပ်ငန်းဖြင့်အသက်မွေးဝမ်းကြောင်းပြုကြပါသည်။

### (ဆ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ဒရယ်ကွင်းကျေးရွာတွင် လယ်ယာမြေလုပ်ကိုင်မှုအတွက်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေရှိပါသည်။ အတိုးနှုန်းမှာ(၅၀)ပြားရရှိသောကြောင့် လယ်ယာလုပ်ကိုင်သူများအတွက် အတော်အသင့်အဆင်ပြေပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ဒရယ်ကွင်းကျေးရွာ၏ အဓိကလမ်းပန်းဆက်သွယ်ရေးမှာ ကုန်းလမ်းကြောင်းဖြစ်ပါသည်။ ထိုကျေးရွာသို့ လောင်းလုံး-ရှင်မော်ကားလမ်းပေါ်ရှိ အင်းဇောက်ကျေးရွာမှ ရွာ၏အရှေ့ဘက် (၂)ဖာလုံခန့်ဝေဒီ-ဒရယ်ကွင်းကျေးရွာချင်းဆက်လမ်းမှ သွားလာနိုင်ပါသည်။ အဆိုပါလမ်းသည် နွေရာသီတွင်အသင့်အတင့်အသုံးပြုနိုင်သော်လည်းမိုးရာသီတွင်လမ်းပေါ်ရေကျော်ခြင်း၊ရွှံ့ဗွက်များထ ခြင်းတို့ကိုနှစ်စဉ်ကြုံတွေ့နေရပါသည်။ကျေးရွာတွင်းရှိအထက်တန်းနှင့်အလယ်တန်းကျောင်းသားသူ များသည် ဝေဒီကျေးရွာ (အထက)ကျောင်းသို့သွားရာတွင် ၎င်းလမ်းအားအသုံးပြု၍သွားလာနေရပါ သဖြင့်အဆိုပါမြေသားလမ်းအားအဆင့်မြင့်တင်ပြီးပြုပြင်ပေးမည်ဆိုပါကကျေးရွာတွင်းရှိကျောင်းသူ/ ကျောင်းသားများ ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်သည့်အပြင် ကျေးလက်နေလူမှုစီးပွါးဘဝဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ပါသည်။ ကျေးရွာတွင်(၃'×၁၂'×၄') ကွန်ကရစ်တံတား(၂)စင်းရှိပြီး အရည် အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာတွင်ရေပြွန်တံတား ၃'Ø×၁၂' (၅)စင်းရှိပြီး အရည်သွေးမှာအသင်အတင့်ကောင်းမွန်ပါသည်။ထိုရေပြွန်အား မကြာသေးမီက ကျေးရွာမှ ပြန်လည် ပြုပြင်ပီး သွားလာ နေရပါသည်။ ရွာအနောက်ဘက်က ဝင်သောလမ်းတွင် တံတား(၁)စင်းရှိပါသည်။ အတိုင်းအတာ (၈'×၁၀'×၆') သာရှိပြီးတံတားမှာပျက်စီးနေပြီဖြစ်သောကြောင့် အဆိုပါတံတားအား အသစ်ပြန်လည်ပြုပြင်ပေးမည် ဆိုပါက လယ်ယာထွက်ကုန်ပစ္စည်းများအားသယ်ယူရာတွင် လွယ်ကူ အဆင်ပြေလာမည်ဖြစ်ပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

ဒရယ်ကွင်းကျေးရွာတွင်ဝေဒီကျေးရွာမှပေးနေသောဒီဇယ်အင်ဂျင်ဖြင့်လျှပ်စစ်မီးကိုတစ်ယူနစ်လျှင် (၄၂၀)ကျပ်နှုန်းဖြင့် တစ်ရွာလုံးနီးပါးသုံးစွဲ နေကြပြီးလျှပ်စစ်မီးမရသေးသော အိမ်ထောင်စုအနည်းငယ်မှာဖယောင်းတိုင်မီးနှင့်ရေနံဆီမီးများကိုသာသုံးကြပါသည်။ လျှပ်စစ်မီးရရှိသောကြောင့် ကျေးရွာတွင်းရှိကျောင်းသား/သူများ၏ ပညာရေးအခြေအနေများတိုးတက်ကောင်းမွန်လာပါသည်။ ကျေးရွာသူ/သားများအတွက်လည်းကုန်ကျငွေများသက်သာလာကာအသေးစားစီးပွားရေးလုပ်ငန်းများလုပ်ကိုင်လာနိုင်ပြီးကျေးရွာဖွံ့ဖြိုးတိုးတက်လာပါသည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ဒရယ်ကွင်းကျေးရွာတွင် ဆက်သွယ်ရေးလိုင်းများအားလုံး ကောင်းမွန်စွာရရှိပါသည်။ ထို့ကြောင့်သတင်းအချက်အလက်များကိုအချိန်နှင့်တပြေးညီကြည့်ရှုနိုင်ပါသည်။သတင်းစာ၊ဂျာနယ်များကိုလည်းဝယ်ယူ၍ဖတ်ရှုနိုင်ပါသည်။ကျေးရွာအတွင်းတွင်စာဖတ်နိုင်သည့်ကျေးရွာစာကြည့်တိုက်သီးသန့်မရှိသေးပါ။ ထို့ကြောင့် ရွာသူ/သားများအားလုံး အသိပညာ ဗဟုသုတများ ကြွယ်ဝစေရန် ကျေးရွာစာကြည့်တိုက်တစ်ခု တည်ဆောက်ရန် လိုအပ်နေပါသည်။ သို့မှသာ ကျေးရွာသူ/သားများနှင့် ကလေးသူငယ်များအချိန်မရွေးစာဖတ်နိုင်ပြီးဗဟုသုတများရရှိကာကျေးရွာဖွံ့ဖြိုးတိုးတက်ရန်အတွက် လည်းများစွာ အထောက်အကူပြုနိုင်မည်ဖြစ်ပါသည်။

## ၆။ ပညာရေး

ဒရယ်ကွင်းကျေးရွာတွင် မူလတန်းကျောင်း (၁) ကျောင်းရှိပါသည်။ ယခုလက်ရှိတွင် စာသင်ကျောင်းဆောင်(၁)ဆောင်ရှိပြီး ဧရိယာ(၆၀'×၃၀') ရှိကာအတော်အသင့်ကောင်းမွန်ပါသည်။ ကျောင်းတွင် ဆရာမ(၅)ဦးနှင့် ကျောင်းသား/သူများမှာ ကျား(၃၀)ဦး နှင့် မ(၅၀)ဦး စုစုပေါင်း (၈၀)ဦးခန့် ရှိပါသည်။ ကျောင်းသား ကျောင်းသူနှင့် ဆရာမအချိုးမှာ လုံလောက်မှုရှိပါသည်။ ကျောင်းသုံးပရိဘောဂနှင့် ကျောင်းအား ကစားပစ္စည်းများလည်း လုံလုံလောက်လောက်ရှိပါသည်။ ယခုကျောင်း၏အရှေ့မျက်နှာတွင် အုတ်နံရံဖြင့် ခြံစည်းရိုးခတ်ထားပါသည်။ သို့သော် ကျောင်း၏ဘေးနှစ်ဖက် ၂(၁၅၀×၆')နှင့် အနောက်ဘက်ခြမ်း(၁၀၀'×၆')သည် ကွန်ကရစ်တိုင်များစိုက်ထူပြီး ခြံစည်းရိုးမှာ သံဇကာဖြင့်ကာရံထားသော်လည်းသံဇကာများမှာ ပျက်စီးနေပြီဖြစ်ပါသည်။ ကျောင်းခြံစည်းရိုးမှာ လုံခြုံမှုမရှိသောကြောင့် နွားများနှင့် အခြားသော တိရစ္ဆာန်များ ဝင်ရောက်သဖြင့်ကျောင်းသား/သူများပညာသင်ယူခြင်းတွင်အနှောက်အယှက်ဖြစ်နေရပါသည်။ကျောင်းအိမ်သာ များ မှာ လေးခန်းတွဲအိမ်သာ(၁)လုံးရှိပါသည်။ (၂)ခန်းမှာဆရာ/မများအတွက်နှင့် ကျန်(၂)ခန်းမှာ ကျောင်းသား/ ကျောင်းသူများအတွက်ဖြစ်ပြီး သန့်ရှင်းမှုလည်းရှိပါသည်။ ကျေးရွာဘုန်းကြီးကျောင်းနှင့်အများပိုင်နေရာအချို့တွင်အဝိစိတွင်းများတူးထားသောလည်းရေအရည်အသွေးမှာ ကောင်းမွန်မှု

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ဝေဒီကျေးရွာ | | | ကျေးရွာအမည် - ဒရယ်ကွင်းကျေးရွာ | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် | အဆိုပြု လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | ရေပေးရေး | ကျေးလက် ရေပေးရေး | ကျေးရွာတွင်း ရေပိုက်လိုင်း(၂"Ø၄၀၀၀')သွယ်တန်းခြင်း | ၂၀၂၂-၂၀၂၃ ခုဘဏ္ဍာရေး နှစ်တွင် ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်မည် |
| ၂ | ရေပေးရေး | ကျေးလက် ရေပေးရေး | ဂါလံ(၂၄၀၀)ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်း | ဒုတိယဦးစားပေး |
| ၃ | အခြေခံ အဆောက်အအုံ | ဘက်စုံသုံးခန်းမဆောင် | ကျေးရွာအတွက်ဘက်စုံသုံးခန်းမဆောင်အဆောက်အအုံဆောင်ရွက်ခြင်း(မြေနေရာရရှိပြီးဖြစ်ပါသည်။ | ဒုတိယဦးစားပေး |

# အပိုင်း (ခ)

# စီမံချက်ဆိုင်ရာ အချက်အလက်

**စီမံချက်ဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၁)**

**စီမံချက်အမည်** – **ရေပိုက်လိုင်းသွယ်တန်းခြင်း**

## စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ

- ယခုလက်ရှိဒရယ်ကွင်းကျေးရွာတွင်းရှိလူဦးရေ(၂၇၄)ဦးပြီးသောက်သုံးရေအဖြစ် သဗျာကျေးရွာရှိစိမ့်စမ်းရေမှ ရေကိုဝေဒီကျေးရွာမှ တဆင့်ရေပိုက်လိုင်းသွယ်တန်းပြီး လည်းကောင်း မကျွန်းမော်ကျေးရွာရှိ အဝီစိတွင်းမှရေကို ပိုက်လိုင်းသွယ်တန်း၍လည်းကောင်းသောက်သုံးရေခက်ခဲစွာ သုံးစွဲနေရပါသည်။
- ကျေးရွာသူ/သားများသည်သောက်သုံးရေလုံလောက်စွာမရသဖြင့် သောက်ရေအတွက်သော်လည်းကောင်း ရေအိမ်သုံးစွဲရာတွင်လည်းကောင်းအခက်အခဲများကြုံတွေ့နေရပါ သည်။
- နွေရာသီ ရေခမ်းခြောက်သောအချိန်များတွင်ကျေးရွာတွင်းရှိကျေးရွာသူ/သားများ၊ဘုန်းကြီးကျောင်းများနှင့် စာသင်ကျောင်းများတွင်သောက်သုံးရေ အခက်အခဲများနှစ်စဉ် ကြုံတွေ့နေရပြီးဝယ်ယူသုံးစွဲနေရပါသည်။

## စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာရှိ ရွာသူ/သားများ သောက်သုံးရေအား ရာသီမရွေးသုံးစွဲလာနိုင်စေရန် ၊
- နွေရာသီတွင်ရေဝယ်ယူခြင်းအခက်အခဲအားဖြေရှင်းရန်၊
- မီးဘေးအန္တရာယ်ကင်းဝေးစေရန် ၊

## မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုး ကျေးဇူးများ)

- ရာသီမရွေး သောက်သုံးရေ လုံလောက်စွာသုံးစွဲလာနိုင်မည်။
- အိမ်တိုင်ရာရောက်ရေသွယ်စနစ်သို့ အဆင့်မြင့်တင်နိုင်ပြီး အချိန်ကုန်သက်သာစွာ သောက်သုံးရေဖူလုံစွာရရှိ လာနိုင်မည်၊
- နွေရာသီမီးဘေးအန္တရာယ်ကြုံတွေ့လာပါက အချိန်မီလွယ်ကူစွာမီးငြိမ်းသက်နိုင်မည်။

## စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း(၂"Ø×၄၀၀၀') လုပ်ငန်းအားခန့်မှန်းကုန်ကျငွေ(၁၀၀၀၀၀၀၀)ကျပ်ဖြင့် ဆောင်ရွက်ပါမည်။

## စီမံချက်ဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (၂)

**စီမံချက်အမည်**   ဂါလံ(၂၄၀၀)ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်း

## စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်းရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ

- ယခုလက်ရှိဒရယ်ကွင်းကျေးရွာတွင်းရှိလူဦးရေ(၂၇၄)ဦးပြီးသောက်သုံးရေအဖြစ် သဗျာကျေးရွာရှိစိမ့်စမ်းရေမှ ရေကိုဝေဒီကျေး ရွာမှ တဆင့်ရေပိုက်လိုင်းသွယ်တန်းပြီး လည်းကောင်း မကျွန်းမော်ကျေးရွာရှိ အဝီစိတွင်းမှ ရေကိုပိုက်လိုင်းသွယ်တန်း၍လည်းကောင်း သောက်သုံးရေခက်ခဲစွာ ရယူသုံးစွဲနေရပါသည်။
- ကျေးရွာသူ/သားများသည်သောက်သုံးရေလုံလောက်စွာမရသဖြင့် သောက်ရေအတွက်သော်လည်းကောင်း ရေအိမ်သုံးစွဲရာတွင်လည်းကောင်းအခက်အခဲများကြုံတွေ့နေရပါ သည်။
- နွေရာသီ ရေခမ်းခြောက်သောအချိန်များတွင်ကျေးရွာတွင်းရှိကျေးရွာသူ/သားများ၊ဘုန်ကြီးကျောင်းများနှင့် စာသင်ကျောင်းများတွင်သောက်သုံးရေ အခက်အခဲများနှစ်စဉ် ကြုံတွေ့နေရပြီးဝယ်ယူသုံးစွဲနေရပါသည်။

## စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

- ကျေးရွာရှိ ရွာသူ/သားများ သောက်သုံးရေရာသီမရွေးသုံးစွဲနိုင်ရန် ၊
- နွေရာသီတွင်ရေဝယ်ယူခြင်းအခက်အခဲအားဖြေရှင်းရန်၊
- မီးဘေးအန္တရာယ်ကင်းဝေးစေရန် ။

## မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့်အကျိုး ကျေးဇူးများ)

- နွေရာသီမီးဘေးအန္တရာယ်ကြုံတွေ့လာပါက အချိန်မီလွယ်ကူစွာမီးငြိမ်းသက်နိုင်မည်။
- ရာသီမရွေးသောက်သုံးရေလုံလောက်စွာသုံးစွဲလာနိုင်မည်။
- အိမ်တိုင်ရာရောက်ရေသွယ်စနစ်သို့အဆင့်မြင့်တင်နိုင်ပြီးအချိန်ကုန်သက်သာစွာသောက်သုံးရေဖူလုံစွာရရှိလာ နိုင်မည်။

## စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)

- ဂါလံ(၂၄၀၀)ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းအားခန့်မှန်းကုန်ကျငွေ(၁၂၀၀၀၀၀၀) ကျပ်ဖြင်ဆောင်ရွက်ပါမည်။

| **စီမံချက်ကုန်ကျစရိတ်ထည့်ဝင်ငွေ** | |
|---|---|
| ခန့်မှန်းကုန်ကျစရိတ် | ထည့်ဝင်မည့်အစီအစဉ် |
| ၁၀၀၀၀၀၀၀<br>ငွေသား<br>(ပစ္စည်း+လုပ်အားခ) | ကျေးလက်ဦးစီး<br>ကျေးရွာ<br>ကျေးရွာ |

| |
|---|
| စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)<br>• ကျေးရွာအင်္ဂါရပ်နှင့်ပြည့်စုံစေရန်<br>• ဘက်စုံဖွံ့ဖြိုးရေးအတွက်နေရာကောင်းတစ်ခုရရှိရန် |
| မျှော်မှန်းအကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ)<br>• ဘက်စုံဖွံ့ဖြိုးရေးခန်းမဆောင်တည်ဆောက်ပြီးနောက်ကျေးရွာဖွံ့ဖြိုးရေးကိစ္စများညှိနှိုင်းဆောင်ရွက်ရန်အတွက် ပိုမိုအဆင်ပြေလာမည်။<br>• ကျေးရွာဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက်အထောက်အကူဖြစ်လာမည်။<br>• ကျေးရွာအတွင်း ဘက်စုံဖွံ့ဖြိုးရေးခန်းမဆောင် တည်ဆောက်ခြင်းကြောင့် လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာနိုင်မည်။ |
| စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်)<br>• ကျေးရွာတွင်း ဘက်စုံဖွံ့ဖြိုးရေးခန်းမဆောင် ဆောင်ရွက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်း ကုန်ကျငွေမှာ (၁၀၀၀၀၀၀၀၀) ကျပ် ဖြစ်ပါသည်။ |

| **ခန့်မှန်းကုန်ကျစရိတ် (ကျပ်)** | **ထည့်ဝင်မည့် အစီအစဉ်** |
|---|---|
| • ၁၀၀၀၀၀၀၀၀(ငွေသား)<br>• လုပ်အား | • ကျေးလက်ဦးစီး<br>• ကျေးရွာ |

| **အကျိုးခံစားသူဦးရေ** | **လူဦးရေ** | | | **ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)** | | | | |
|---|---|---|---|---|---|---|---|---|
| | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **ပေါင်း** |
| **ကျေးရွာအဆင့်** | **ကျား** | **မ** | **ပေါင်း** | **၁** | **၂** | **၃** | **၄** | **စုစုပေါင်း** |
| **အကျိုးခံစားမည့်သူ ဦးရေ** | ၈၉ | ၁၈၅ | ၂၇၄ | ၈ | ၁၄ | ၃၅ | ၁၆ | ၇၃ |

မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄

